myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 12, 2019 Volume 21, Number 10

**၁၂.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၀၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၂၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၀/ကျပ် |
| CBM Rate | = ၁၅၁၀.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၁.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၉၄.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၄.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်း (၅)ခု ထပ်မံခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးအား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ နံနက်ပိုင်းတွင်ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် (၉) ဦး တက်ရောက်ကြပါတယ်။ အစည်းအဝေးတွင် စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း (၅)ခု ခွင့်ပြုခဲ့ပါတယ်။

အဆိုပါလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၉၃.၂၀၀) သန်းနှင့် ကျပ် (၇၈၁၆.၀၆၆) သန်းရှိပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၅၁၅) နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် မေလကုန်အထိ နိုင်ငံပေါင်း (၄၉)နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ (၁၂) ခုတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း (၁၇၂၅) ခု ရင်းနှီးမြှုပ်နှံ လျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း (၈၀၂၃၄.၄၁၇) ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပြီး ရင်းနှီး မြှုပ်နှံမှု အများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ထိုင်းနိုင်ငံတို့ဖြစ်ပါတယ်။

နိုင်ငံပေါင်း ၄၉ နိုင်ငံမှ စီးပွားရေးကဏ္ဍ (၁၂) ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၇.၉၄%) ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၆.၄၀%) ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၁၃.၅၉%)ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားရှိပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/ 2184284828325464? __tn__=K-R

## ဂေါ်၊ လျှော်မျှင်နှင့်ပိုးစာပင်သီးနှံကဏ္ဍမျိုးသန့်အထူးဖုန်များချမှတ်ဆောင်ရွက်နေ

ဂေါ်၊ လျှော်မျှင်နှင့် ပိုးစာပင်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် မျိုးစေ့များ ရရှိစိုက်ပျိုးနိုင်ရန် မျိုးသန့်အထူးဖုန်များ ချမှတ်ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ လက်ရှိတွင် ပိုးချဉ်လုပ်ငန်းများအတွက် အလားအလာကောင်းများရှိနေသကဲ့သို့ ဂေါ်သီးနှံ၏ ဈေးကွက်သည်လည်း ယခုနှစ်အတွင်း တွက်ချေကိုက်သည့် ဈေးနှုန်းတစ်ရပ်ဖြစ်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပြောသည်။ ဂေါ်သီးနှံအတွက် စံပြစိုက်ကွက်တွေကို ဖြန့်ဖြူးပေးတာကနေ စီးပွားဖြစ် မျိုးသန့် မျိုးစေ့တွေ လိုအပ်တဲ့ဒေသတွေကို ဖြန့်ဖြူးပေးလာနိုင်တယ်ဟု

ရှင်းကပြောသည်။

မြန်မာနိုင်ငံ၌ ဂါစိုက် ဧကပေါင်း ၅၅၀,၀၀၀ ကျော်တွင် တစ်ဧက ပျမ်းမျှအထွက်နှုန်း ၄၃၆ဒသမ၀၂ ပိဿာ ခန့် ရှိပြီး ချဉ်မှုံရှည်ပါ မျိုးကောင်းမျိုးသန့် မျိုးပွားခြင်းကို ဂါသီးနှံ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးခြံများနှင့် မျိုးသန့်ခြံများတွင် ဧကပေါင်း ၆၄၀ ကျော်တွင် စိုက်ပျိုးထားကြောင်း သိရသည်။ ဂုန်လျှော်ချဉ်ပေါင်လျှော် မျိုးသန့်ပွားမှုအတွက် ဧက ၁၀၀ ကျော်တွင် စိုက်ပျိုးခဲ့ပြီး မျိုးသန့်ဖြန့်ဖြူးမှုအနေဖြင့် တင်း ၅၀၀ ကျော်၊ ပိုက်ဆံလျှော် တင်း ၄၅၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။ ပိုးစာသုတေသနနှင့် ခြံများတွင် ဧကပေါင်း ၃၃၀ ကျော် စိုက်ပျိုးထားပြီး ပိုးအိမ်ပေါင်း ၁၂၀၀၀ ခန့် ရရှိခဲ့ပြီး၊ တစ်နိုင်ငံလုံးတွင် ပိုးစာပင် ဧကပေါင်း ၃၆၀၀ ကျော်တွင် ပိုးအိမ်ထုတ်လုပ်မှု ၂၅၈ ဒသမ ၃၄ တန် ထွက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/?_ga=2.241167683.1724819689.1547105062-925020387.1547105062

## မကွေးတိုင်းဒေသကြီးအတွင်း ငါးသားဖောက်စခန်းတစ်ခုကို ယခုဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်သွားမည်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်အတွင်း ငါးသားဖောက်စခန်းတစ်ခုကို ယခုဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှသတင်းရရှိသည်။ ငါးသားပေါက် စခန်းတွေကနေ ပြည်တွင်းက လုပ်ငန်းရှင်တွေ တိုးတက်မွေးမြူလာနိုင်ဖို့ဖြစ်တယ်ဟု အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်ကပြောသည်။ ယခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးလုပ်ငန်းစခန်း ၂၇ ခုမှ ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၂,၅၉၁ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး၊ ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၈၀ဒသမ၈၇၉ သိန်းခန့်ကို မွေးမြူသူများထံ ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အပြင် နိုင်ငံတကာအဆင့်မီသည့် ရေချိုငါးမွေးမြူရေး သုတေသနနှင့်တိုးချဲ့ပညာပေးရေး ဇဟိုဌာနကိုလည်း ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။

ငါးလုပ်ငန်းစခန်း၏ ငါးသားပေါက် ထုတ်လုပ်မှု လျာထားချက်၊ ထုတ်လုပ်ဆောင်ရွက်နိုင်မှုနှင့် စမ်းသပ်ဖောက် လုပ်မည့် တိုင်းရင်းငါးများ၊ လက်ရှိ သားဖောက်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရေချိုငါးများကိုလည်း ကောင်း၊ ဒေသတွင်း ငါး၊ ပုစွန် ကျန်းမာမှုအတွက် အထောက်အကူ ပြုစေမည့် ငါးလုပ်ငန်းစခန်းအတွင်းရှိ ငါး၊ ပုစွန် ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေး ဓါတ်ခွဲခန်းကိုလည်းကောင်း ဆောင်ရွက်လျက် ရှိသည်။

ပြည်တွင်း၌ ငါးသားပေါက်များ ပိုမိုထုတ်လုပ်နိုင်ပြီး မွေးမြူသူများ အဆင်ပြေစွာ ဝယ်ယူနိုင်ရန်နှင့် ငါးသားပေါက်ဈေးကွက် ကျယ်ပြန့်စေရန်အတွက်ဖြစ်ကြောင်းသိရသည်။ မွေးမြူရေး တောင်သူများ အနေဖြင့် ဈေးကွက်ဝင် ငါးမျိုးများဖြစ်သည့် ရွှေနီ၊ ရေချိုငါးမုတ်၊ ငါးခုံးမကြီး၊ တောင် ပေါ် ငါးသလောက်၊ ငါးသိုင်းခေါင်းပွ၊ တီလားဗီးယား၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးတန်၊ ငါးမြစ်ချင်း၊ ငါး ကြင်းဖြူ စသည့် ငါးမျိုးများ တိုးချဲ့မွေးမြူလာခြင်းကြောင့် မျိုးရရှိမှု တိုးတက်ရရှိရန် လိုအပ်လာကြောင်း သိရသည်။ ငါးအမျိုးအစားနှင့် အရွယ်အစားလိုက် သင့်တင့်သောဈေးနှုန်းများဖြင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ရောင်းချပေးနေပြီး စခန်းတွင်တိုက်ရိုက်လာရောက်ဝယ်ယူနိုင်သကဲ့သို့ မြို့နယ်ငါးဦးစီးဌာနများနှင့် ချိတ်ဆက်ဝယ်ယူနိုင်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2323845891034227?__tn__=K-R

## လယ်ယာထွက်ကုန်များ ဈေးကွက်ပို့ဆောင်ရန် ကုန်ထုတ်လမ်း ၃၀ ကျော်ဖောက်မည်

လယ်ယာထွက်ကုန်များအား ဈေးကွက်အတွင်းသို့ အချိန်မီ ပို့ဆောင်နိုင်ရန်အတွက် ကုန်ထုတ်လမ်း ၃၀ ကျော်ကို လာမည့် ဘဏ္ဍာရေးနှစ်အတွင်း၌ ဖောက်လုပ်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သတင်း ရရှိသည်။

လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်မှ တောင်သူများ အတွက် ဖောက်လုပ်ပေးမည့် ကျေးလက်ကုန်ထုတ်လမ်းပေါင်းမှာ ၃၃ လမ်းရှိပြီး၊ အဆိုပါလမ်းများ ဖောက်လုပ်နိုင်ရန် အတွက် ငွေကျပ် ၂၂၅၁ ဒသမ ၇၁၆ သန်းခန့် အသုံးပြုသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသန်းကပြောသည်။ အရင်က ကုန်ထုတ်လမ်းတွေမရှိတဲ့အခါမှာ စိုက်သီးနှံတွေဟာ မိုးဒဏ်၊ လေဒဏ်တွေကြောင့် လေလွင့်မှုများနဲ့ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလိုမဖြစ်ဖို့အတွက် ကျေးလက်လမ်းတွေ ဖောက်ဖို့လုပ်သွားမှာပါဟု ဦးစိုးသန်းကပြောသည်။

ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည့် မြို့နယ်များမှာ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ် စသည့်မြို့နယ်များဖြစ်ကြောင်းသိရသည်။ ယခု ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ၁၃ မြို့နယ်အတွက် ကျေးလက်ကုန်ထုတ်လမ်း ၁၇ လမ်းကို ငွေကျပ်သန်း ၁၀၀၀ နီးပါးအသုံးပြုကာ ဖောက်လုပ်ထားပြီး၊ အဆိုပါလမ်းများသည် လာမည့်စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2323845891034227?__tn__=K-R
amiamyanmar

## မကွေးတိုင်းဒေသကြီး၌ GAP နည်းဖြင့် နှမ်းစိုက်ဧက ငါးသောင်းကျော်စိုက်ပျိုးသွားမည်

မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (GAP) နည်းဖြင့် နှမ်းစိုက်ဧကပေါင်း ငါးသောင်းကျော်ကို လာမည့်စိုက်ပျိုးရာသီတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းကပြောသည်။ GAP နည်းနဲ့ နှမ်းစိုက်တာ တစ်နှစ်ထက်တစ်နှစ် ဧကတွေ တိုးတက်လာတယ်။ တောင်သူတွေ မျိုးကောင်း၊ မျိုးသန့်ရရှိအောင် ဆောင်ရွက်နေတယ်ဟု ၎င်းကပြောသည်။

နှမ်းကို GAP ဖြင့် ၂၀၁၇ ခုနှစ်မှ စတင်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါနှစ်တွင် ဧကပေါင်း ၃၀၀၀ ခန့်၊ ၂၀၁၈ ခုနှစ်တွင် ဧကပေါင်း ၂၂၀၀၀ စိုက်ပျိုးခဲ့ကြောင်းသိရသည်။ လက်ရှိမကွေးတိုင်းဒေသကြီးတွင် တောင်သူများအား ပံ့ပိုးပေးနေသည့် NGO အဖွဲ့ ၄ ဖွဲ့ခန့်ရှိနေပြီး၊ တိုင်းအတွင်းမှ ထွက်ရှိသည့်နှမ်းမှာ အခြားတိုင်းနှင့်ပြည်နယ်ထက် အရည်အသွေးပိုမိုကောင်းမွန်ကာ GAP စနစ်ဖြင့် နှမ်းစိုက်မည့် တောင်သူများကို တောင်သူဖွံ့ဖြိုးရေးအဖွဲ့များက နည်းပညာနှင့် သွင်းအားစုများဝယ်ယူနိုင်ရန် ပံ့ပိုးပေးလျက်ရှိကြောင်းသိရသည်။ အောင်လံမြို့နယ် ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးက GAP နည်းနဲ့ စိုက်တိုင်းတော့ ဈေးကောင်းပေးဝယ်မှာမဟုတ်ပါဘူး။ အရည်အသွေးကောင်းမှာသာ ဈေးကောင်းရမှာပါ။ ကုန်စည်ဒိုင်မှာ မြို့နယ်အတွင်းမှာ GAP နဲ့စိုက်တဲ့ တောင်သူစာရင်းရှိတယ်။ ဒါနဲ့တိုက်ဆိုင်ဝယ်ယူမှာပါ။ GAP နှမ်းက ရိုးရိုးနှမ်းထက် ကျပ် ၁၀၀၀၀ ကျော်လောက် ပိုပေးဝယ်တယ်လို့ ဦးအောင်မိုးကပြောသည်။

လက်ရှိမကွေးတိုင်းကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ) ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၂၅၀၀၀၀ မှ ၂၅၃၀၀၀ အထိလည်းကောင်း၊ နှမ်းဖြူ တစ်အိတ်လျှင် ကျပ် ၁၆၂၀၀၀ မှ ၁၉၃၀၀၀ အထိလည်းကောင်း၊ နှမ်းဖြူ(ရေသွင်း) တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀ မှ ၁၉၀၀၀၀ အထိလည်းကောင်း၊ နှမ်းနီ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ မှ ၁၈၀၀၀၀ အထိလည်းကောင်း၊ နှမ်းညိုကြားတစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀ မှ ၁၇၃၀၀၀ အထိ အသီးသီးဈေးပေါက်လျက်ရှိသည်။

နှမ်းကို မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများဖြစ်သော မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပြီး မြန်မာနိုင်ငံတွင် မိုးနှမ်းကို မေလနှင့်ဇွန်လများတွင်စိုက်ပျိုးကာ ဇူလိုင်နှင့်စက်တင်ဘာလတို့တွင်ရိတ်သိမ်းသည်။ ဆောင်းနှမ်းကို စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးကာ နိုဝင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ရိတ်သိမ်းသည်။ နွေနှမ်းကို ဖေဖော်ဝါရီလနှင့်မတ်လတို့တွင် စိုက်ပျိုးကာ မေလနှင့်ဇွန်လတို့တွင် ရိတ်သိမ်းကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2325393590879457?__tn__=K-R

## တရုတ်က တစ်နှစ်လျှင် ကျွဲ၊ နွားကောင်ရေ တစ်သန်းခန့်ဝယ်လိုသော်လည်း ရှစ်သိန်းခန့်သာ တင်ပို့နိုင်မည်

တရုတ်က မြန်မာမှ ကျွဲ၊ နွားကောင်ရေ တစ်သန်းခန့်ဝယ်ယူလိုသော်လည်း ပြည်တွင်းမွေးမြူမှုစာရင်းများအရ တစ်နှစ်လျှင်အကောင်ရေရှစ်သိန်းကျော်သာ ပုံမှန်ရောင်းချနိုင်ဖွယ်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သိရသည်။ အဆိုပါ ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ဝန်ကြီးဌာနဘက်က မွေးမြူရေးနဲ့ကုသရေးဦးစီးဌာန ထုတ်ပြန်ထားတဲ့စာရင်း တောင်းကြည့်တဲ့အခါမှာ အကောင်ရေရှစ်သိန်းလောက်ပဲ ပြည်ပရောင်းချနိုင်မယ်လို့ တွက်ချက် ထားတာ ဖြစ်တယ်ဟုပြောသည်။ ကျွဲ၊ နွားများ တရားဝင် ကုန်သွယ်မှုဖြစ်စေရန် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံအနေဖြင့် တရားဝင် ဖြစ်လာစေရန် လုပ်ဆောင်ရမည့်အချက်များကိုပြောပြပြီး အကယ်၍တရားဝင်ဖြစ်လာပါက မြန်မာနိုင်ငံမှ ကျွဲ၊ နွားတစ်သန်းခန့်ဝယ်မည်ဟု ပြောဆိုထားခြင်းဖြစ်သည်။ လက်ရှိပြည်ပသို့ ကျွဲ၊ နွားတင်ပို့ရာတွင် အကောင်ရေပြည့်မီကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနထံ တင်ပြရာတွင် အချိန်ကြန့်ကြာနေခြင်းကြောင့် စုဆောင်းထားသော တိရစ္ဆာန်များ နေ့စဉ်ကျွေးမွေးစရိတ် များပြားနေသည့်အတွက် ခွင့်ပြုချိန်လျှော့ချပေးရန် လိုအပ်ကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု

လုပ်ငန်းရှင်များအသင်း ဉက္ကဋ္ဌဦးစိန်အေးမောင်က တင်ပို့ခွင့်စောင့်ချိန်က နှစ်လ၊ သုံးလလောက်ကြာနေလို့ စုဆောင်းထားတဲ့ ကျွဲ၊ နွားတွေ ကျွေးမွေးစရိတ်က တက်လာတယ်။ ပြည်ပကနေတောင်းဆိုလာတဲ့ ဈေးကွက် တောင်းဆိုမှုတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ နွားမွေးမြူတင်ပို့တဲ့ ကုမ္ပဏီတွေကို နိုင်ငံခြားကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အစိုးရကနေ အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်ပေးဖို့လိုတယ်ဟုပြောသည်။

ပြည်ပတင်ပို့မည့် နွားများအတွက် တင်ပို့ခွင့်လျှောက်ထား၍ သက်ဆိုင်ရာဌာနက ကျန်းမာရေး ကောင်းမွန်ကြောင်း ထောက်ခံချက်နှင့် ကာကွယ်ဆေးထိုးပေး၍ တင်ပို့မည့်နွားများကို မှတ်တမ်းတင် (နားကပ်) တပ်ဆင်ရကြောင်းသိရသည်။ ထို့ပြင် ပြည်ပသို့ တိုးတက်တင်ပို့နိုင်ရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ရရှိလာစေရန်နွားစာကျက်မြေနှင့် အစာရှားပါးသည့် အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ခရိုင်များတွင် မြေလွတ်မြေရိုင်းများရရှိအောင် နိုင်ငံတော်က ဖန်တစ်ခု ဖော်ဆောင်ပေး ရန်နှင့် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကလည်း မွေးမြူသူများထံသို့သွားရောက်၍ ဆေးကုသမှုပေးရန် လိုအပ်ကြောင်းသိရသည်။

အဓိကကတော့ ကျွဲ၊ နွားဈေးတွေကို ပြည်တွင်းမှာလုပ်ပေးဖို့ လိုတာပေါ့။ ကျွဲ၊ နွားလေလံဈေးပေါ့။ အဲ့ဒီမှာ တောင်သူက လွတ်လွတ်လပ်လပ် သွားရောင်းမယ်။အဓိကကတော့ ဈေးကောင်းရဖို့ပေါ့။ ဒါကြောင့် လက်ရှိမှာ အစိုးရအနေနဲ့က မွေးမြူရေးတောင်သူတွေကို တိုက်ရိုက်အကျိုးရှိစေဖို့ဆိုရင် ကျွဲ၊ နွား လေလံဈေးတွေကို အခွန်ကင်းလွတ်ခွင့်နဲ့ လမ်းဖွင့်ပေးဖို့ လုပ်ဆောင်သင့်တယ်ဟု မန္တလေး-မူဆယ် ကုန်သည်တစ်ဦးဖြစ်သူ ဦးကျော်ထင်ကပြောသည်။ လက်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၏ ဈေးကွက်ပေါက်ဈေးအရ နွားတစ်ကောင်ပေါက်ဈေးမှာ ၁၆ သိန်းကျော်မှ သိန်း၂၀ ကြားရှိနေကြောင်း၊ ကျွဲတစ်ကောင်လျှင် ၁၇ သိန်းမှ ၂၃ သိန်းကြားရှိနေသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ကျွဲ၊ နွား၊ ဆိတ်စတဲ့ တိရစ္ဆာန်အရှင်တွေ တင်ပို့မှုကလည်း ဈေးကွက်ကောင်းကောင်းရှိပါတယ်။ ကျွဲ၊ နွား၊ဆိတ် မွေးမြူရေးကို အားပေးမယ်ဆိုရင် တစ်နှစ်၊ တစ်နှစ်ကို အကောင်ရေတစ်သန်းလောက်အထိ ဝယ်လိုအားရှိနေပါတယ်ဟုပြောသည်။

တရုတ်သို့ တင်ပို့ရန် ကျွဲ၊ နွား(အရှင်) ဝယ်ယူစုဆောင်းရာတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်ရှိ မြို့နယ်အလိုက်တိ၊ မွေး၊ ကု (ယာယီ) စစ်ဆေးရေး စခန်းများတွင် စုဆောင်းကြခြင်းဖြစ်ပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့ရန်အတွက် တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးပြီးကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်၊ သယ်ယူပို့ဆောင်ခွင့် အထောက်အထားနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနတွင် ပို့ကုန် လိုင်စင်ဖြင့် တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကျွဲ၊ နွားကောင်ရေ ၁၇ သန်းကျော်ရှိကြောင်းသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဧပြီလကုန်အထိ ကျွဲ၊နွားနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၂၀၈ သန်းကျော် ရရှိထားပြီး ထိုအထဲမှ အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော်သည် နယ်စပ်ကုန်သွယ်မှုမှရရှိထားခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရှိရသည်။

**Source:** https://www.facebook.com/myanmaeconomic/posts/332200954394856?__tn__=K-R

## စစ်ကိုင်း တရုတ်ဆီးသီးပင်များ အသီးထွက်နည်းသဖြင့် စစ်ကိုင်းသီးနှင့်တူသော ဟုန်ပန်းသီးများ ဈေးကွက်အတွင်း အရောင်းတွင်ကျယ်

ဖွန်လလယ်မှစတင်၍ ပေါ်ဦးပေါ်ဖျား စစ်ကိုင်းတရုတ်ဆီးသီးများ ဈေးကွက်အတွင်း စတင်ရောင်းချသော်လည်း ယခုနှစ်တွင် စစ်ကိုင်းတရုတ်ဆီးပင်များ အသီးအထွက်နည်းသဖြင့် စစ်ကိုင်းတရုတ်ဆီးသီးနှင့်တူသော ဟုန်ပန်းသီးများအား စစ်ကိုင်းအသီးအဖြစ် တွင်ကျယ်စွာရောင်းချနေကြောင်း သိရသည်။

အစောပိုင်းထွက် စစ်ကိုင်းတရုတ်ဆီးသီးများကို မန္တလေး-မုံရွာ-ရွှေဘိုလမ်းမကြီးနှင့် စစ်ကိုင်းတောင်သွား လမ်းဘေး တစ်လျှောက်တွင် အရောင်းဆိုင်များဖွင့်လှစ်ရောင်းချကြပြီး စစ်ကိုင်းသီးမှာ နှစ်စဉ် ဩဂုတ်လအထိသာ ဒေသထွက်ရာ သီစာအသီးအဖြစ် ဈေးကွက်အတွင်းရောင်းချကာ စစ်ကိုင်းသီးမရှိတော့သော်လည်း စစ်ကိုင်းထွက် တရုတ်ဆီးသီးနှင့် တူသော ဟုန်ပန်းဆီးသီးများ တစ်နှစ်ပတ်လုံးရောင်းချနိုင်သဖြင့် တရုတ်ဆီးသီအရောင်းဆိုင် ထက်ဝက်ခန့်မှာ တစ်နှစ်ပတ်လုံး စစ်ကိုင်းလမ်းဘေးဆိုင်များ၌ ခင်းကျင်းရောင်းချကြသည်။

ယခုနှစ်တွင် စစ်ကိုင်းထွက် တရုတ်ဆီးသီးဝယ်ယူသူများက အပင်အပြတ်ဝယ်ယူကြပြီး ပြန်လည် ဖြန့်ဖြူးရောင်းချကြရာ လက် ရှိဈေးကွက်တွင် စစ်ကိုင်းသီးတစ် ပိဿာကျပ်နှစ်ထောင်မှ သုံးထောင် အထိရောင်းဈေးရှိပြီး ပွဲစားများမှ မန္တလေး၊

မုံရွာသီးနံ့ကုန်သည်များသို့ အများဆုံးတင်ပို့ရောင်းချခြင်းကြောင့် စစ်ကိုင်းလမ်းဘေးဈေးတန်းရှိ စစ်ကိုင်းတရုတ်ဆီးသီး အရောင်းဆိုင်များတွင် စစ်ကိုင်းတရုတ်ဆီးသီးစစ်စစ်ထက် ဟုန်ပန်းသီးများ ပိုမိုအရောင်းတွင်ကျယ်သည်။

**Source:**https://yangonmedia.com/business/%e1%80%85%e1%80%85%e1%80%b9%e1%80%80%e1%80%ad%e1%80%af%e1%80%84%e1%80%b9%e1%80%b8-

## အင်းလေးဒေသရှိ ကြာသင်္ကန်းဈေးကွက်နှင့်ချိတ်ဆက်မိ၍ စလင်းဝက်သည်းကန်မှ ကြာချည်ထုတ်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေ

ယုံကြည်မှုနှင့်သဒ္ဓါတရားအပေါ် အမှီပြုသည့် အင်းလေးဒေသ ကြာသင်္ကန်းထုတ်လုပ်ရေးဈေးကွက်နှင့် မကွေးတိုင်း၊ စလင်းမြို့၊ဝက်သည်းကန်ကို အမှီပြုသည့် ကြာချည်ထုတ်လုပ်ရေးဈေးကွက်တို့ချိတ်ဆက်မိ၍ အလုပ်အကိုင် အခွင့်အလမ်းများရရှိနေကြောင်း စလင်းမြို့ဒေသခံများထံမှသိရသည်။ ကြာချည်တစ်ပိဿာကိုသုံးသိန်းဈေးနဲ့ အင်းလေးဒေသကကြာသင်္ကန်းထုတ်လုပ်ရေး အဝယ်ဒိုင်တွေဆီသွင်းရပါတယ်။ဝက်သည်းကန်ကြီးအနီး အနား ကျေးရွာ(၇) ရွာ မှာ ကြာချည်ထုတ်လုပ်ငန်း လုပ်ကိုင်တဲ့သူ ဦးရေတစ်ရာလောက် ရှိနေပါတယ်ဟု ရှမ်းရွာကုန်းကျေးရွာနေ ကြာချည်လုပ်ငန်း လုပ်ကိုင်သူ ဦးသောင်းစိန်ကပြောပြသည်။

ဝက်သည်းကန်ကြီးအနီးရှိ ကျေးလက်နေပြည်သူများမှာ ကောက်စိုက်ပျိုးနှုတ်လုပ်ငန်းများနှင့် ကန်အတွင်း မှ ကြာပန်းများကို ဘုရားပန်းအဖြစ်ရောင်းချခြင်း၊ ကြာစွက်၊ ကြာစွယ်ရူးယူရောင်းချခြင်းတို့သာ အစဉ်အဆက် လုပ်ကိုင်ခဲ့ကြပြီး လွန်ခဲ့သော (၇)နှစ်ခန့်မှစတင်၍ အင်းလေးဒေသမှ ကြာချည်ရက်လုပ်သော လုပ်ငန်းရှင်များ ရောက်ရှိဆက်သွယ်လာရာမှတစ်ဆင့် အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ သူတို့ဆီက ကြာချည်ထုတ်ပုံထုတ်နည်းတွေ လာသင်ပေးတယ်။ ပေါက်ဈေးနဲ့လည်းဝယ်တယ်ဆိုတော့ ဒီကလူတွေအတွက် နေ့စဉ်ဝင်ငွေမျှော်လို့ ရတာပေ့ါ။ ဒီထက်ပိုတဲ့မျှော်လင့်ချက်တွေကတော့ ရှိကြတာပေ့ါဗျာ။ ကုန်ကြမ်းကနေ ကုန်ချောထုတ်ချင်တယ်။ ဒါပေမယ့် နည်းပညာ ၊ ငွေကြေးနဲ့ ဈေးကွက်အခက်အခဲတွေအတွက် အဆင်သင့်မဖြစ်သေးဘူးဟု ဒေသခံ ဦးဝင်းကဆိုသည်။ ကြာချည်လုပ်ငန်း၌ အရင်းအနှီးများရရှိစေရန် စလင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစိမ်းရောင် စီမံကိန်းရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးထားသည်ဟု ဌာနတာဝန်ရှိသူက ပြောသည်။

မင်းဘူးခရိုင် စလင်းမြို့မှ နှစ်ပေါင်းသက်တမ်း ၈၀၀ ခန့်ရှိ ဝက်သည်းကန်ကြီး၏ ရေပြင်အကျယ်မှာ ဧကပေါင်း ၁၀၈၈ ဧကရှိပြီး သဘာဝအလျောက်ပေါက်ရောက်နေသည့် ပဒုမ္မာကြာပန်းများ၏ ရိုးတံများမှထုတ်လုပ်သည့်ကြာချည်ဖြင့် ကြာသင်္ကန်းနှင့် ကြာချည်ထည်အသုံးအဆောင်များကိုအင်းလေးဒေသ၌တွင်ကျယ်စွာထုတ်လုပ်လျက်ရှိကြောင်း ၊ ထိုင်းနှင့် ဗီယက်နန်နိုင်ငံများမှ လာရောက်အတုယူလေ့လာမှုများရှိနေပြီး ၎င်းတို့၏နိုင်ငံများတွင်ထုတ်လုပ်ရောင်းချမှုများရှိနေကြောင်း လုပ်ငန်းရှင်များထံမှသိရသည်။

**Source:** https://www.facebook.com/aungsoethufirstmediagroup/

## Thura News Views

### Joint-venture model fuels financial liberalization

Myanmar's insurance sector joint-ventures (JVs) constitute a powerful mean to liberalize the market. Last April, the Ministry of Planning and Finance (MoPF) granted five foreign insurance providers the provisional right to be registered as a 100% foreign-owned life insurance subsidiary in Myanmar. Conditions are strict though. Firms must supply the minimum capital required under the Myanmar Insurance Business Law. They also need to obtain the green light from the Insurance Business Regulatory Board.

Therefore, the JV model could have a significant impact in the short term. Every insurance provider that did not make it to the list could opt for a JV model and may hold up to 35 percent of the partnership. This would significantly strength-en competition among market-participants, which would improve product quality and distribution for customers. Besides, foreign insurers are expected to bring over some skills and

technical knowledge. They are likely to bring more advanced data-collection methods and provide some training to local talent for instance. On the flip side, foreign firms will be able to leverage a robust local distribution network and historical brand. Some important market-players pointed out that JVs would be the best way to modernize the financial sector altogether. To them, hard-skills, such as technology, can be bought but soft skills are in short supply.

**Hanthawaddy airport negotiations renewed**

Officials from Myanmar and Japan have renewed talks on the Hanthawaddy International Airport planned at Bago, 80 kilometres north of Yangon. According to an article in the Myanmar Times, the officials have met at least four times to discuss the billion-dollar project. Japanese government loans will be the main source of finance. Plans for an international airport at Hanthawaddy have been discussed for years but have faced numerous delays. The plan is to construct the airport on 3,600 hectares of land. It will also connect the airport with Yangon via a railway network and an express highway. Critics of the project argue that Myanmar does not currently require a second airport. Meanwhile, Yangon International Airport is still not operating at full capacity. The Deputy Permanent Secretary of the Ministry of Transport and Communications said that surveys will be conducted after negotiations have been completed

**Yangon Region Chief Minister promises international market opportunities**

Yangon Region Chief Minister has promised that he will help livestock and agriculture industries find international markets. According to an article in Myanmar Business Today, U Phyo Min Thein was quoted as saying that the livestock and agriculture industries can help boosting the country's GDP. He also added that the government is currently issuing Good Agricultural Practices (GAP) as "a first step" towards expanding to the international market. The government has also spent MMK 8 billion on upgrading 4,000 acres of land across Yangon region. They are also in talks with Chinese officials on the topic. U Soe Win, Minister for Planning and Finance, was quoted as saying that the government has also provided larger loans, with a longer grace period. This is aimed at boosting the two industries.

**Denmark's Responsible Business Fund to lend to SMEs**

Denmark's RBF will provide its fourth loan to Myanmar enterprises for an amount of MMK 1.13 billion (approximately USD 750 K). The RBF is part of the Danish Development Assistance to Myanmar, which praises mutually binding partnerships. The fund intends to accelerate the development of small- to medium-sized enterprises (SMEs) in the country. Additionally, it also endeavors to increase the competitiveness between enterprises. Local SMEs can apply for a grant between 1st July and 22nd July 2019. They should seek to implement innovative projects in sectors such as energy efficiency, waste treatments, and managerial skills for instance. Moreover, eligible SMEs should employ less than 600 people and own less than MMK 1 billion in paid-up capital. Currently one can find more than 73,000 SMEs registered under the Ministry of Industry. Altogether they amount for roughly 90 percent of enterprises in Myanmar and constitute the backbone of the economy. The government has already provided more than MMK 30 billion (USD 19.9 million) in loans to bolster economic activity among SMEs. The conspicuous spill-over effect will be to stir up employment creation and innovation.

## Spring Airlines begins new route between Yangon and Shanghai

Chinese carrier Spring Airlines has started operating the route between Yangon and Shanghai. The flights started earlier this week, according to an article in the Myanmar Times. The flight will depart four times a week, using an Airbus 320 aircraft with capacity for 186 passengers. The move is the latest indication of increased interest from Chinese visitors to Myanmar. This came after the Ministry of Hotels and Tourism allowed visa-free travel for Chinese passport holders. Just a month ago, China Eastern Airlines launched its own Yangon-Shanghai service, which operates three times a week. According to the Myanmar Times article, there are now 15 cities in China that are directly connected with Yangon by air.

**Source: Thura Swiss News (Issue 373 Jul 11, 2019)**

## STOCK EXCHANGE (12.7.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 2,187 | 24,057,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,000 | 4,504 | 13,587,200 | 38,929,150 | 118,734 |
| MCB | 00003 | 8,500 | +0 | +0.00% | 7,800 | 8,500 | 7,800 | 33 | 279,800 | 10,400,986 | 88,408 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,500 | 23,500 | 23,500 | 1 | 23,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +100 | +3.45% | 3,000 | 3,000 | 2,950 | 5,082 | 15,237,250 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 439.57 | +0.38 | +0.09% | 437.77 | 439.57 | 431.90 | 11,807 | 53,184,750 | 5 | 600,114 |

**Index chart**



## Market Overview

As of 12:00 pm, 12th Jul. 2019

| MYANPIX | 433.79 ▼ 5.40 |
| --- | --- |
| Total Volume (shares) | 4,859 |
| Total Value (MMK) | 20 mil |
| Listed Company | 5 |
| Market Cap. (MMK) | 592,223 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 7,800 | ▼ 700 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 2,950 | ▲ 50 |

TIR